ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့။

**၁၉၆၆ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေကိုပြင်သည့်ဥပဒေ။**

[၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁။]

၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅ ရက်။

(၁၉၆၆ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၆ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေ ပုဒ်မ ၈၄ တွင် "ဘဏ္ဍာတော်နှစ်" ဆိုသည့် စကားရပ်အစား "ဘဏ္ဍာရေးနှစ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၈၆ အစား၊ အောက်ပါကို ပုဒ်မ ၈၆ အဖြစ် ထည့်သွင်းရမည်။

**ဘဏ္ဍာရေးနှစ်။**

"၈၆။ ။ စိုက်ပျိုးရေးဘဏ်၏ဘဏ္ဍာရေးနှစ်သည်၊ အောက်တိုဘာလ ၁ ရက်နေ့မှအစပြု၍၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ကုန်ဆုံးသည်။

**ခြွင်းချက်**။ ။ သို့ရာတွင် ဘဏ္ဍာရေးနှစ် ပြောင်းလဲခြင်းကြောင့် ကျန်ရှိနေသောလများအတွက်၊ သီးခြား စာရင်းပိတ်ရမည်"။

(ပုံ) ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၇ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၁၅ ရက်။

(၁၉၆၆ ခုနှစ်၊ ဧပြီလ ၅ ရက်။)

အမိန့်အရ၊

ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။